## (၅) နေကြာခေါင်းပုပ်ရောဂါ (Rhizopus head rot)

**ရောဂါဖြစ်စေသောသက်ရှိ - *Rhizopus arrhizus A. Fisch.* (*Rhizopus oryzae* Went & Prinsen Geerligs)**

### ရောဂါလက္ခဏာ

ရောဂါသည် နေကြာပွင့်၏ နောက်ကျောဖက်တွင် အမဲစက်များပထမဆုံးအဖြစ် ပေါ်လာသည်။ နောက်ပိုင်းတွင် ကြီးထွားလာကာ ရေစိုနာကဲ့သို့ ဖြစ်လာပြီး ပျော့ပုပ် လာကာ အညိုရင့်ရောင် သို့ပြောင်းသွားသည်။ ရောဂါပြင်းထန်လာပါက နေကြာပွင့် များသည် အချိန်မတိုင်မီ ခြောက်သွေ့သွားပြီး တစ်ရှူးများကွဲ အက်သွားတတ်သည်။

နေကြာပွင့်၏ နေကြာစေ့များပေါ်တွင် မီးခိုးရောင် မှိုမျှင်စုများကိုတွေ့နိုင်သည်။ ၎င်းမှို မျှင်များမှ မှိုစပိုးများသည် လေနှင့်အတူပျံ့နှံ့၍ အခြားအပင်များကိုပါ ရောဂါ ကူးစက်စေသည်။

ရောဂါဖြစ်ပေါ်တိုးတက်မှုကိုအားပေးသောရာသီဥတုနှင့်တွေ့ဆုံပါကဆုံးရှုံးမှု မြင့်မားစေသည်။ နေကြာပွင့်တွင် အင်းဆက်နှင့်ငှက်များဖျက်ဆီးမှုနှင့် ထိခိုက်ဒါဏ်ရာ များမှတဆင့် လေထဲတွင်ရှိနေသော ၎င်းမှိုများဝင်ရောက်တိုက်ခိုက်၍ ရောဂါဖြစ် စေသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ပန်းပွင့်ပြီးနောက် နေကြာပွင့်များထိခိုက်ဒါဏ်ရာမရရှိစေရန် ဂရုစိုက်ကာကွယ် ပါ။
- နေကြာပန်း ပွင့်အား အင်းဆက် (နေကြာဖလံ) နှင့်ငှက်များ စားသောက် ဖျက်ဆီး မှုမရှိစေရန် ကာကွယ်နှိမ်နင်းပါ။
- အင်းဆက်များခိုအောင်းရာဖြစ်သော အလေ့ကျပေါက်သည့် နေကြာရိုင်းများ နှင့် အခြားပေါင်းပင်များအားဖျက်ဆီးပါ။
- မျိုးစေ့တွင်ရောဂါဖြစ်စေသောမှိုများ ပါဝင်လာမှုမရှိစေရန် မျိုးစေ့လူးနယ်ဆေး (မှိုသတ်ဆေး) တစ်မျိုးမျိုးဖြင့်လူးနယ်စိုက်ပျိုးပါ။
- နေကြာပန်းပွင့်ပြီးနောက် ဒါဏ်ရများမှာတဆင့် ရောဂါဝင်ရောက်မှုမရှိစေရန် Mancozeb (မန်ကိုဇက်)၊ Zineb (ဇိနက်ဘ်), Chlorothalonil (ကလိုရိုသာ လိုနေး)၊ Captan (ကက်ပ်တန်) စသောမှိုသတ်ဆေးများဖြင့် ပက်ဖျန်းကာ ကွယ်ပါ။